ရန်အောင်
စာပေ

# တစ်ပိုလ်ဆင်း
# တစ်ပိုလ်တက်

နှင့်

အ ခြား ဝတ္ထု ဆောင်း ပါး များ

ရန်အောင်

## တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်(က)

ဆင်ဖြူတောင်ရွာ

ဓားပြလူထွက်

ဗိုလ်မီးခဲထံသို့။

၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်

(၄ - ၈ - ၄၇)

**သူငယ်ချင်းမီးခဲ**

လွန်ခဲ့တဲ့ ၆ လ ကျော်ကျော်လောက်က မင်းရေးပြီး ငါ့ထံပို့လိုက်တဲ့ "အော်တိုဘိုင်အို ဂရပ်ဖီ" ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ရရှိတဲ့အတွက် ဝမ်းလည်းသာတယ်။ ကျေးဇူးလည်း တင်တယ်။ ဝမ်းသာတာကတော့ ငါ့သူငယ်ချင်းဟာ ငယ်စဉ်အခါ ဘုန်းကြီးကျောင်းမှာ နေစဉ်က သူငယ်တန်းက ဘယ်တော့မှ မတက်ခဲ့ပေမယ့် ယခုတော့ စာတွေပေတွေတကယ်တတ်လို့ ကိုယ့်အကြောင်းကိုတောင် ကိုယ်တိုင် ရေးနိုင်နေပါပေါ့ကလားလို့ တွေးပြီးဝမ်းသာတယ်။ နောက်ပြီးတော့ သူငယ်ချင်းဟာ ပတ်ဝန်းကျင်အကြောင်း မကောင်းမှုကြောင့် ဆိုးတေ၊ ပေမိုက်၊ သူခိုး၊ ဓားပြဖြစ်ခဲ့ပေမယ့် အခုဖြင့် တရား သံဝေဂရလို့ ဓားပြလူထွက်၊ သူခိုးလူပြန်တော် လုပ်တော့မယ်ဆိုတာ သိရတဲ့အတွက်လည်း ဝမ်းသာလို့ မဆုံးဘူး။

မင်းကို ကျေးဇူးတင်တာကတော့ မင်းဖြစ်ကြောင်းရယ်မှကုန်စင် ဓာတ်လမ်းကို ပြင်သင့်ပြင်ရာ နည်းနည်းပါးပါး ပြင်ပြီး "ငါ့လို ယောက်ျား" ဆိုတဲ့ နာမည်နဲ့ စာအုပ်ကလေး ရိုက်ထုတ်လိုက်တာ ငါ့တစ်အိမ်ထောင်ရဲ့ တစ်လတွက် အသုံးစရိတ်ကလေး ဖူလုံသွားတာပဲ။ တစ်နည်းအားဖြင့်ဆိုရင် မင်းဟာ ငါတို့တစ်အိမ်ထောင်ကို တစ်လစာ စရိတ်ထောက်တာနဲ့ အတူတူပါပဲ။ ကဲ မင်းကို ကျေးဇူးမတင်ဘဲ နေနိုင်ပါတော့မလား။

ငါတို့ရွာက ကျောက်ဒိုးအစ်ကို သံဒိုးဟာ လွှတ်တော်အမတ်ဖြစ်လာတယ်။ သူ့ကြီးနာမည်ကတော့ တစ်မျိုးပဲ။ လွှတ်တော်အမတ် ဦးသံဒိုးလို့မေးရင်တော့ ရမှာမဟုတ်ဘူး။ အဲဒီ တို့သူငယ်ချင်း လွှတ်တော်အမတ် မင်း သံဒိုးနဲ့ ငါနဲ့တွေ့လို့ မင်းအကြောင်း မေးကြည့်တော့ မင်းဟာ ဓားပြမှိုလ်ဘဝက အကျွတ်တရားရပြီး အစိုးရထံမှာ လက်နက်ချဝင်တယ်။ အခုတော့ဖြင့် သားတွေ၊ မယားတွေနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင် ရှာဖွေစားနေတယ်လို့ ကြားရတဲ့အတွက် သာဓု အကြိမ်သုံးဆယ်လောက် ခေါ်မိပါရဲ့ သူငယ်ချင်း။

ငါ့အိမ်ထောင်ကို တစ်လတွက်စရိတ် မစဖူးတဲ့ မင်း ကျေးဇူးတွေ ထောက်ပြီး မင်းထံ ဝမ်းမြောက်စာကလေးတစ်စောင် ပြန်မယ်ပြန်မယ်နဲ့ ကြံသာကြံတယ်၊ အထမမြောက်ဘူး။ လူတွေဟာ သိပ်ခက်တာပဲ သူငယ်ချင်းရဲ့၊ အတ္တသမာပေမံနတ္ထိ၊ ကိုယ့်ကိုယ်ကိုယ်သာအချစ်ဆုံးလို့ မြတ်စွာဘုရားသခင် ဟောတော်မူတဲ့အတိုင်းပဲ ကိုယ့်အကျိုးမရှိတဲ့ အလုပ်၊ ကိုယ့်စီးပွား မပါတဲ့ကိစ္စကို ဘယ်သူမှ မလုပ်ချင်ဘူး။ အဲဒီလို ကိုယ်ကျိုးမပါရင် ဘာမှမလုပ်ချင်တဲ့ ကိုယ်ကျိုးရှာသမားတွေထဲမှာ ငါလည်း တစ်ယောက်အပါအဝင်ပေါ့။

သို့ပေမယ့် မင်းထံ စာမရေးဘဲနေလို့ မဖြစ်တော့တဲ့ ကြောင်းထူးကြီး တစ်ရပ်က ငါ့ကုပ်ပေါ်မှာ ခွစီးပြီး ငါ့ဦးခေါင်းကို တင်းပုတ်နဲ့နှက်ကာ မင်းဆီ စာမရေး ရေးအောင် အတင်းတိုက်တွန်း နှိုးဆော်နေတယ်။ မင်းဆီကိုမှ ဒီစာမရေးရရင် ငါ့မှာ မအိပ်နိုင် မစားနိုင် ဖြစ်နေရတော့မှာပဲ။

အဲဒီလို မင်းထံ စာရေးဖြစ်အောင် နှိုးဆွလှုံ့ဆော်တဲ့ အကြောင်းကြီးကတော့ ဘာလဲလို့ဆိုရင် "တို့ အဖမြန်မာပြည်ရဲ့ သားကောင်းရတနာကြီးတစ်ဆူဖြစ်တဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဦးအောင်ဆန်း နဲ့ သူ့ရဲ့ ဘက်တော် ရှစ်ဦးဟာ လူမသမာ လူယုတ် လူသတ်သမားတွေရဲ့ ရက်စက်စွာ အစမ္မ သတ်ဖြတ်မှုကြောင့် ကွယ်လွန်ကျဆုံးကြတဲ့ အကြောင်းကြီးပဲ သူငယ်ချင်းရဲ့။"

ဒီအကြောင်းကို မင်းဖတ်ပြီးတာနဲ့ တစ်ပြိုင်နက် အံ့ညြသွားလိမ့်မယ်၊ တွေဝေနေလိမ့်မယ်၊ စကားမပြောနိုင် ငေးငိုင်ကြောင်စီကြီး ဖြစ်နေလိမ့်မယ်လို့ ငါထင်တယ်။ ဘာကြောင့်လဲဆိုတော့ မင်းတို့ရွာမှာ သတင်းစာလည်း မဖတ်ကြ၊ ရေဒီယိုဆိုတာ ဝေလာဝေး၊ ရွာဆက်၊ မြို့ဆက်ကလည်း မနီးတော့ ငါ့စာရောက်လာမှပဲ မင်းနဲ့တကွ တစ်ရွာလုံး သိကြလိမ့်မယ်လို့ ထင်တာပဲ။ တစ်နိုင်ငံလုံးဟာ ကျဆုံးတဲ့ဗိုလ်ချုပ်နဲ့ ရဲဘက်တွေအတွက် ဝမ်းနည်းလှိုက်လှဲ ကြေကွဲတသလို့ မဆုံးနိုင်အောင် ဖြစ်ကာ ပူလို့ ဆွေးလို့ အတော်ကြီး မောတော့မှ မင်းတို့ရွာမှာ ယခုမှ စပြီး ဗိုလ်ချုပ်အတွက် ဝမ်းနည်း ပူဆွေးကြမလား မဆိုနိုင်ဘူး။ မြန်မာပြည်မှာ မင်းတို့ရွာလိုပဲ ဗိုလ်ချုပ်ကျဆုံးတဲ့အကြောင်း မသိသေးတဲ့ ရွာတွေလည်း ရှိချင်ရှိဦးမှာပဲ။

ကမ္ဘာပေါ်မှာရှိတဲ့ တိုင်းကြီးပြည်ကြီး၊ မြို့ကြီးပြကြီးတွေမှာတော့ဖြင့် ဗိုလ်ချုပ်တို့ကို လုပ်ကြံသတ်ဖြတ်မှုကြီး ဖြစ်ပွားပြီးတဲ့နောက် နာရီ

အနည်းငယ်အတွင်းမှာပဲ ရေဒီယိုတွေရဲ့ တန်ခိုးကြောင့် ဒီအကြောင်းထူးကြီးကို ခရေစေ့တွင်းကျ သိပြီးကြပြီ။ ဗိုလ်ချုပ်တို့ ကျဆုံးပြီးတဲ့နောက် မကြာမတင်ဆိုသလိုပဲ တိုင်းကြီးပြည်ကြီး အသီးသီးက ဝမ်းနည်းကြေကွဲကြတဲ့ သဝဏ်လွှာ ကြေးနန်းတွေလည်း ရောက်လာကြတယ်။

မြန်မာပြည်ဟာ ယနေ့ထိ ကျွန်တွင်းက မထွက်နိုင်သေးတဲ့အတွက် စားလည်း သူများနောက်၊ သွားလည်း သူများနောက်၊ သိလည်း သူများနောက်ဆိုတာလို ဓားမနောက်ပိတ်ခွေး ဖြစ်နေတာပဲ။ ဒီလိုအောက်ကျနောက်ကျ ဖြစ်ရတာဟာ ကျွန်ဆိပ်တက်တာ၊ ကျွန်ဒဏ်သင့်တာ၊ ကျွန်မှိုင်းမိတာ။

မြန်မာ့ရာဇဝင်မှာသာမက ကမ္ဘာ့ရာဇဝင်တွင်ပင် မှတ်တမ်းတင်ရမယ့် နေ့ဆိုး၊ နေ့ယုတ်မာ၊ နေ့မကောင်းဆိုးဝါး၊ ပြဿဒါး ရက်ခိုက်နေ့ကြီးကတော့။

**မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**ခရစ်သက္ကရာဇ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့ပဲ။**

၄၇ ခုနှစ်ဟာ မြန်မာတွေအတွက် အမင်္ဂလာနှစ်များလား မဆိုနိုင်ဘူး။ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်မှာ တို့မြန်မာအရှင်သခင်ဘုရင်သီပေါမင်းတရားကြီးကို ကုလားဖြူတွေ မလိမ့်တပတ်လုပ်ကာ ကြက်ကလေး၊ ငှက်ကလေးကို ဖမ်းသလို ဖမ်းဆီးသွားပြီး တစ်ကျွန်းတစ်နိုင်ငံမှာ ပို့ထားတယ်။ သီပေါအရှင်ဟာ ရတနာဂီရိဆိုတဲ့ ကျွန်းကလေးမှာပဲ နတ်ရွာစံ ကံတော်ကုန်တဲ့အခါ ဗုဒ္ဓဘာသာ မြန်မာထုံးစံအရ သရဏဂုံတောင် မတင်လိုက်ရဘူးတဲ့။ ဘယ်လောက် ကြေကွဲဝမ်းနည်း အသည်းနာစရာ ကောင်းသလဲ သူငယ်ချင်းရာ။

မြန်မာပြည် အချုပ်အချာ အာဏာပိုင် ကိုယ့်မင်းကိုယ့်ချင်း တိုင်းပြည်ဖြစ်တဲ့အခါ နတ်ရွာစံ သီပေါအရှင်ရဲ့ ရုပ်ကလာပ် အရိုးစု တော်ကို မြန်မာအာဇာနည်ဗိမာန်မှာများ ယူထားကြမလား မဆိုနိုင်ဘူး။

သို့ပေမယ့် ယခုခေတ်လူငယ်တွေဖြစ်တဲ့ ကွန်မြူနစ်တို့၊ ဆိုရှယ်လစ် တို့ကတော့ ဘုရင်ခေတ် အရှင်ခေတ်ကို သဘောမကျကြဘူး။ တိုင်းပြည် မှာ အသက်ဦးဆံပိုင် ရှင်ဘုရင်ထားတဲ့စနစ်သာ အာဏာရှင်ခေတ် (ဝါ) ဖက်ဆစ်ခေတ်နဲ့ တူတယ်လို့ဆိုကြတယ်။ ရှင်ဘုရင်ရှိပေမယ့်လည်း သူ့ ခေတ်နဲ့ သူ့အခါလိုက်ပြီး ဘုရင့်ဝါဒလည်း ပြောင်းရမှာပါပဲ။ ယခု ထက်တိုင် အင်္ဂလိပ်အစရှိတဲ့ တချို့တိုင်းပြည်တွေမှာ ရှင်ဘုရင်တွေ အထင်အရှား ရှိကြသေးတာပဲ။ မြန်မာရှင်ဘုရင်တွေဟာ ရှေးက အသက်ဦးဆံပိုင်ဖြစ်ခဲ့ကြပေမယ့် ယခုအခါမှာသာ မြန်မာရှင်ဘုရင်ရှိ သေးရင် ခေတ်နဲ့ ဆီလျော်အောင် ဒီမိုကရေစီစနစ်ကိုလိုက်တဲ့ ဘုရင် လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

လူငယ်တွေ ဘုရင်ခေတ်ကို သဘောမကျပေမယ့် သခင်ကိုယ်တော် မှိုင်းကြီးတို့လို ကိုယ့်ဘုရင် ကိုယ့်အရှင်ကို မျက်ဝါးထင်ထင် တွေ့မြင် လိုက်ကြရတဲ့ ရှေးခေတ်ပုဂ္ဂိုလ်ကြီးတွေ ကတော့ဖြင့် ရွှေထီး ရွှေနန်း ရွှေ ကြငှန်းနဲ့ တင့်ဆန်းကျက်သရေ ရာဇရောဇာ မင်းများစွာကို ကြွလာ ရောက်လာ စိုးစံတော် မူပါစေလို့ ဆုတောင်းကောင်း ဆုတောင်းမှာပဲ။

သခင်ကိုယ်တော်မှိုင်းကြီးဟာ စာပေဝိဇ္ဇာ ကလောင်မှူးကြီး ဖြစ် လျက်ကနဲ့ တိုင်းပြည် လွတ်လပ်ရေးအတွက် နိုင်ငံရေးကို ဝင်ရောက် ဆောင်ရွက်ပြီး သခင်အသင်း ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှာ နာယကကြီး တစ်ဆူ အဖြစ်ကြီး ဖြစ်တော်မူခဲ့တယ်။

ယခုတစ်ခါ သခင်ဆရာတွေနဲ့ ခပ်ခွာခွာလုပ်ကာ ဘုရင့်ဆွေတော်မျိုး

တော် အသင်း၏နာယကမင်းကြီး ဖြစ်ခြင်းမက ဖြစ်တော်မူနေပြန်တယ်။ ကုန်းဘောင်နေပြည်တော်ကြီးတွင် ဘုန်းမီးနေလ ထွန်းပတောက်လင်းတော်မူခဲ့တဲ့ အလောင်းမင်းတရားကြီး တည်ထောင်ဖန်ဆင်းတော်မူတဲ့ မုဆိုးဆက် ၁၅ ဆက်ရှိရမယ်လို့ သိုက်သမိုင်းတွေက ဆိုသော်ငြားလည်း ကုန်းဘောင် ၁၁ ဆက်မြောက်ဖြစ်တဲ့ သီပေါအရှင်လက်ထက်တွင် ကုန်းဘောင်ဆက်ပြတ်ခဲ့တဲ့အတွက် ကုန်းဘောင် ၄ ဆက် ကျန်သေးတယ်လို့ သိုက်သမိုင်းဆရာတွေ အယူရှိကြတဲ့အတိုင်း ဆရာအရှင်သခင် ကိုယ်တော်မှိုင်းကြီးဟာ ကုန်းဘောင်ဆက်ပေါ်တော်မူအောင် ဉာဏ်ယူတော် ကြိုးပမ်းနေတော်မူသလား မဆိုနိုင်တော့ဘူး။

ဘာပဲဖြစ်ဖြစ် ကိုယ်တော်မှိုင်းကြီးရဲ့ ကျေးဇူးတော်ဟာ တို့ မြန်မာလူမျိုးတွေအပေါ်မှာ အတော့်ကို ကြီးကျယ်လှပါတယ်။ မြန်မာစာပေကဗျာလင်္ကာနဲ့ ရာဇဝင်တွေကို မြန်မာလူမျိုးများ သိရ၊ မှတ်ရ၊ တတ်ရအောင် ဋီကာတွေ ဂဏ္ဌိတွေဖွဲ့ပြီး တကယ့်ကို အံ့သြချီးကျူးလောက်အောင် ပြုစုရေးသားတော်မူခဲ့တယ်။ မြန်မာတွေ ကျေးစိတ် ကျွန်စိတ်ဖျောက်ပြီး သခင်စိတ် အရှင်စိတ် ဘုရင်စိတ်တွေပေါ်ကာ ဇာတိသွေး ဇာတိမာန် ထက်သန်တက်ကြွ မျိုးချစ်စိတ်တွေ ထအောင် ယောဂီဆရာ မဟာအရှင်သခင် ကိုယ်တော်မှိုင်းကြီးက ကလောင်စကြာနဲ့ နှိုးဆွကာဝါဒဖြန့်ခဲ့တယ်။ တို့ခေတ် စာပေလောကမှာဖြင့် ဘုရင်တစ်ဆူအောင်လံထူခဲ့တဲ့ ကဝိကြီးပါပေပဲ။ သခင် ကိုယ်တော်မှိုင်းကြီးသည် ခယ ဝယ ဘိဇ္ဈနသဘောကို မလွန်ဆန်နိုင်တဲ့တစ်နေ့မှာ အာဇာနည်ဗိမာန်ဆိုတဲ့ သူရဲကောင်း အာဇာနည်တွေ စံမြန်းရာ အဆောက်အဦးကြီးမှာ “စာပေသူရဲကောင်းကြီး” ဆိုတဲ့ ကမ္ပည်းထိုးနှံ့ကာ ရုပ်တုတော်တစ်ဆူတည်ဆောက်ထားမှာ မြင်ယောင်သေးတော့တယ် သူငယ်ချင်းရယ်။

ယခုလောလောဆယ် ပစ္စက္ခခေတ်မှာ ဘုရင်အုပ်စိုးမှု ကောင်းတာ၊ မ

ကောင်းတာ အပထား၍ လွန်ခဲ့တဲ့ (၄၇) ခုနှစ်က တို့ မြန်မာဘုရင်သီပေါ မင်းတရားကြီး ကုလားဖြူလက်ထဲ ပါတော်မူသွားပြီးတဲ့နောက် တို့ မြန်မာတစ်ပြည်လုံးဟာ ထီးကျိုးစည်ပေါက် ပြည်မှောက်ရတဲ့ ခေတ်ဆိုး အခါဆိုးကြီးကို ယနေ့ထက်အောင်ကြုံခဲ့ရတယ်။ မြန်မာလူမျိုးများမှာ အမိမဲ့သား ရေနည်းငါးဖြစ်ကာ အကွပ်မရှိတဲ့ကြမ်းလို ပရမ်းပတာဖြစ်ခဲ့ ရတယ်။ မြန်မာတွေ ကျွန်ဘဝထက်ကဲမြောက် သပေါက်ဘဝရောက်ခဲ့ ကြရတယ်။

ကျွန် မြန်မာပြည်ကို အဆီစုပ် အညွန့်ခူးရန် လာကြတဲ့ လူမျိုးကွဲ ဓနရှင်တွေရဲ့ ကုပ်သွေးစုပ်စနစ်ကြောင့် မြန်မာလူမျိုးတွေဟာ ကုန်း ကောက်စရာမရှိအောင် ဆင်းရဲမွဲတေ ကလေကဝ အောက်ကျနောက်ကျ ဓားမနောက်ပိတ်ခွေး လူမလေး ခွေးမခန့် ဖြစ်ခဲ့ကြရတယ်။ မြန်မာပြည် မှာ ငတ်သေတဲ့မသာ မရှိပါဘူးလို့ ရှေးကစကားစဉ် ရှိခဲ့ပေမယ့် ယခု တော့ ငတ်သေတဲ့ မသာများလည်း ကြားရတယ်။ အငတ်တပ်ကြီးတွေ ချီတက်လာပြီဆိုတဲ့ သတင်းဆိုးကြီးများလည်း မကြာ မကြာ ကြားရ တယ်။

မြန်မာတွေမှာ စားရမဲ့ ဝတ်ရမဲ့ အိုးမဲ့ အိမ်မဲ့ ဖြစ်နေရုံတင်သာ မက သေးဘူး။ တို့တောသူ တောင်သား မြန်မာ ဆင်းရဲသားတွေမှာ ချစ်တီး ကြွေး မြန်မာဓနရှင်ပေါက်စတွေရဲ့ ကြွေးကလည်း လည်ပင်းထိရုံသာ မက လက်ခုပ်တစ်ဖောင်ထက်ပဲမြင့်ပြီး မြန်မာဆင်းရဲသားလူထုမှာ ကြွေးညွန်ဗွက် ထဲမှာ နစ်မွန်းကျမြုပ်ကာ မရှုမလှ အသက်ရှူစရာမရဘဲ ဖြစ်နေကြရရှာတယ်။

မြန်မာတောသား ဆင်းရဲသားတွေဟာ ဘယ်လောက်များ မွဲနေသလဲ ဆိုတာ မင်းသိအောင် ပြယုဂ်ကလေးတစ်ခုလောက် ဖော်ပြရဦးမှာပဲ။

အင်္ဂလိပ်နဲ့ ဂျပန် သနီလန်အောင်တိုက်မယ်လို့ စစ်ကြေညာကြတာနဲ့ တစ်ပြိုင်နက် ရန်ကုန်မြို့ ကြီးက သုတ်ခြေတင်ကာ တွင်တွင်ကြီး ငါ ထွက်ပြေးခဲ့တာပဲ။ တို့ရွာမရောက်ခင် ဖုတ်ကုန်းဆိုတဲ့ ရွာမှာ ခဏဝင် တည်းရတယ်။ ဖုတ်ကုန်းရွာဟာ ဖွတ်ကုန်းရွာ ဖြစ်နေတာကို တွေ့ရ တယ်။ ဖုတ်ကုန်းရွာထဲဝင်သွားပြီး ငါ့အသိအိမ်တစ်အိမ်ပေါ်တက်သွား တာနဲ့ တစ်ပြိုင်နက် မျက်စိမချမ်းသာစရာ၊ နားမချမ်းသာစရာ၊ စိတ်မ ချမ်းသာစရာတွေ တွေ့ရ မြင်ရ ကြားရတာပဲ။

အိမ်ရှင်ယောက်ျားကြီးရော မိန်းမကြီးရော လက်နှီးစုတ်လောက်မှ မ သစ်လွင်တဲ့ လုံချည် ဝတ်ထားကြတယ်။ သူတို့ လုံချည်ဟာ ကြေး အထပ်ထပ် ညစ်ပတ်ပေရေနေတဲ့ အပြင် အပေါက်အပြဲတွေကလည်း တစ်ခုနဲ့တစ်ခု ထိစပ်နေမတတ်ပဲ။ ဒီလောက်ကြေးထူပေါက်ပြဲနေတဲ့ အဝတ်ကို ဘာကြောင့် ဝတ်ထားရတာတုံးလို့ မေးနေစရာ မလိုပါဘူး။ ဒီ တစ်ထည်အပြင် လဲစရာ လှယ်စရာ တခြား အထည်ပိုတစ်ခုမျှ မရှိလို့ ဒါ ကိုပဲ ပေတေဝတ်နေကြရတာပဲ။

ဒါဖြင့် ဒီတစ်ထည်ကို ကြေးညှော်စင်ကြယ်အောင် ဖွပ်ပါလား။ အပေါက်အပြဲကို ဖာထေး ချုပ်လုပ်ပါလားလို့ မသိတဲ့လူတွေက စောဒက တက်ကြလိမ့်မယ်။ ဖွပ်ရန်အတွက် ဆပ်ပြာမရှိ။ ချုပ် ရန် အတွက် အပ်နဲ့ အပ်ချည် နတ္ထိ။ ကဲ ဘယ်လောက် သနားစရာ ကြေကွဲ စရာကောင်းသလဲ သူ ငယ်ချင်း။

သူတို့လင်မယား ဝတ်ထားတဲ့ လုံချည်ကလည်း ဒို့ဝတ်ရိုး ဝတ်စဉ် လုံချည်ရဲ့ တစ်ဝက်လောက်ပဲ အနံ့ရှိတယ်။ ဒီလို နံ့တိုကလေးတွေ ဝတ် ထားရတဲ့ အကြောင်းတွေကတော့ လုံချည်တစ်ထည်ကို နှစ်ထည်ဖြစ် အောင် အလယ်က ဖြတ်ထားရလို့ တိုနံ့နံ့ကလေး ဖြစ်နေတာ။ တိုတို

ပြောရရင် အရှက်ကြောက်ကို မနိုင့်တနိုင် လုံရုံ ဖုံးရုံကလေး ဝတ်ကြရ ရှာတယ်။

သူတို့နေရတဲ့အိမ်ကို ကြည့်လိုက်ဦးမလား။ အခင်းက ကျိုးတိုးကျဲတဲ။ အကာက မလုံမခြုံ။ အမိုးက ကြယ်မြင်၊ လမြင်။ နေချင်စရာမကောင်းတဲ့ ကွက်သိုက်လိုအိမ်စုတ်မှာ ခပ်ကုပ်ကုပ်ကလေး ဖြစ်ကတတ်ဆန်း နေကြရရှာတယ်။ သူတို့ စားရသောက်ရပုံကို ပြောရမယ်ဆိုရင်။

ငါရောက်သွားတာက နေ့လယ် နေမိုး ပူပြင်းတဲ့အချိန်ဖြစ်တော့ ငါ့ အညာဗီဇကို မစွန့်နိုင်တဲ့ အတွက် "အကြမ်းကလေးများ သောက်ရရင် အကောင်းသားဗျာ" လို့ ငါက ညည်းလိုက်ရင်ပဲ လင်မယားနှစ်ယောက် စလုံး တာကလွှတ်လိုက်တဲ့ ပြိုင်မြင်းလို အပြေးအလွှား ဖုတ်ပူမီးတိုက်နဲ့ မီးမွှေးတဲ့လူကမွှေး။ ရေနွေးအိုး ရေထည့်တဲ့လူကထည့်။ ရေနွေးအိုး တည်သူကတည်နဲ့ အင်မတန် အလုပ်ရှုပ်သွားကြတယ်။ ဆင်းရဲပေမယ့် ဧည့်သည်စောင်သည်ကို ဧည့်ဝတ်ပြုရမယ့် တာဝန်ဝတ္တရားကို ဓနရှင် အထက်တန်းစားဆိုတဲ့ သတ္တဝါတွေထက် သိကြရှာသေးတယ်။

တစ်အောင့်လောက်ကြာရင်ပဲ ခုံစုတ်ကလေးတစ်ခု ငါ့ရှေ့ ရောက်လာတယ်။ လက်နှစ်သစ် လောက်ပဲ့နေတဲ့ ကန်စွန်းနွယ်ပန်းကန် (တရုတ်ပန်းကန်အကြမ်း) တစ်လုံးလည်း ခုံပေါ်မှာ အမြိုင့်သား တင်လို့။ ထို့နောက် မြေကရားတစ်လုံးလည်း ပန်းကန်အနားမှာ အခန့်စား ရောက်လာပြန်တယ်။

မြေကရားရဲ့ကိုင်း ကျိုးနေလို့ သံနန်းနဲ့ချည်တုပ်ပြီး လက်ကိုင်နေရာ မှာ ဝါးလုံးကလေး စွပ်ထားတယ်။ ကရားနှုတ်သီးနဲ့ အမြီးပိုင်းကလည်း သုံးပုံနှစ်ပုံစီလောက် ပဲ့နေတယ်။ မြေကရားရဲ့ သက်တမ်းကို ချင့်ကြည့်ရ

မယ်ဆိုရင်တော့ အနှစ် ၂၀ လောက်ကြာမြင့်ဟောင်းမြင်းနေပုံ လက္ခဏာပဲ။

မြေကရားအိုးနဲ့ ကန်စွန်းနွယ်ပန်းကန်ပဲ့ဟာ သူတို့အရှင်သခင် ဆင်းရဲသား မောင်နှံတို့ အဖြစ်သနစ်ကို တစ်တစ်ခွခွ ဇာတ်စုံခင်းပြတာနဲ့ အတူတူပါပဲ။ သူတို့ရဲ့ ညော့ခံပစ္စည်း အသုံးအဆောင်တွေ မဟန်မှန်းသိသည်အတွက် မျက်နှာအကြီးအကျယ်ပျက်ကာ ရှက်ကြောက် ထိတ်လန့်တဲ့ အမူအရာတွေ လင်မယားနှစ်ယောက်စလုံး မျက်နှာမှာ သန်းနေတယ်။

သူတို့မှ အရှက်ပြေပါစေတော့လို့ဆိုပြီး ငါလည်း စကားရော၊ ဖောရောနဲ့ ပြောဆိုရင်း ပန်းကန်ထဲကို အကြမ်းထည့်လိုက်တော့ ကြည်လင်ဖြူဖွေးနေတဲ့ ရေနွေးသက်သက်သာ တွေ့ရတယ်။ ညော့ဝတ်ပြုချင်ရာ လွန်းလို့ ကတောကမျော လုပ်ရတဲ့အတွက် လက်ဖက်ခြောက်ထည့်ဖို့တောင် သတိမေ့ နေကြဟန်တူရဲ့လို့ ငါတွေးပြီး ...

“လက်ဖက်ခြောက် မထည့်ရသေးဘူးဗျို့။ နည်းနည်းပေးစမ်းပါဦး” လို့ ငါက ဆိုလိုက်မိတယ်။ မိန်းမလုပ်သူက ကျောခိုင်းသွားတယ်။ ယောကျ်ားကတော့ မျက်စိမျက်နှာ ပျက်ပျက်နဲ့ပဲ။ “လက်ဖက်ခြောက် ကုန်နေတာ မဝယ်ရသေးလို့ကွယ်” လို့ အဖြေပေးတယ်။

“မဝယ်ရသေးလို့ကွယ်” ဆိုတာက လူကြားကောင်းအောင် ပြောလိုက်တာ၊ အမှန်ကတော့ “ဝယ်စရာ ပိုက်ဆံမရှိလို့” ဆိုတဲ့ အဓိပ္ပာယ်ပဲ ဆိုတာ ငါ ချက်ချင်းသိတယ်။

အဲဒီအခါတုန်းက သူတို့တောရွာမှာ လက်ဖက်ခြောက် ပိုက်ဆံတစ်ပြားဖိုးဝယ်ရင် ရတဲ့အခါ ဖြစ်ပေမယ့် ကြေးနီပိုက်ဆံ တစ်ပြားတောင် လက်ထဲမှာ မကိုင်နိုင်သည့်ဘဝမျိုး ရောက်နေကြတယ်။

ဒီလောက် ဆင်းရဲမွဲတေကာ ချွတ်ခြုံကျနေသည့် မြန်မာ တောသူတောင်သား ဆင်းရဲသားတွေရဲ့ စားရေး သောက်ရေး နေထိုင်ရေးဟာ ဘယ်အခြေမျိုး ရောက်နေမယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ ဆင်းရဲတဲ့အတွက် သားသမီးကို ပညာသင်မပေးနိုင်။ ပညာမတတ်တဲ့ ကလေးတွေ ကြီးလာတော့ ပညာမဲ့တဲ့အတွက် ဆင်းရဲတွင်းနက်။ ပညာမဲ့ ဆင်းရဲသားဖြစ်တဲ့အတွက် အမြော်အမြင် ဆင်ခြင်တုံတရား လက်ကိုင်မထားနိုင်တော့ဘဲ ခိုးဆိုး တိုက်ခိုက် ထောင်တန်းကျ ဝရမ်းပြေးဖြစ်။

အဲဒီလို မွဲခြင်း၊ ဆင်းရဲခြင်းအစ စက်တိုင် အဆုံးရှိတဲ့မကောင်းဟူသမျှ အနိဋ္ဌာရုံကိစ္စအားလုံးတွေဟာ တောသူတောင်သားတွေခေါင်းပေါ်မှာ စုပုံကျတာပဲ။ မြန်မာပြည်မှာ လူ ၁၀၀ တွင် ၉၀ ကျော်က တောသူတောင်သားတွေဖြစ်နေတော့ တောသူတောင်သားဆင်းရဲရင် မြန်မာပြည် ဆင်းရဲတာပဲ။ တောသူတောင်သားတွေ အောက်ကျနောက်ကျဖြစ်ရင် မြန်မာလူမျိုး အားလုံး အောက်ကျနောက်ကျဖြစ်တာပဲ။

မြန်မာတွေ ဒီလောက်မွဲ ဒီလောက်ဆင်းရဲပြီး နင်းပြားဘဝ အောက်ကျနောက်ကျ ဖြစ်ရတာဟာ စင်စစ်တော့ ၄၇ ခုနှစ် အရေးတော်ပုံမှာ သီပေါအရှင် ပါတော်မူပြီးတဲ့နောက် မြန်မာတွေ ကျွန်သပေါက်ဘဝ ရောက်ရတဲ့ဒဏ်တွေကို မရှုမလှနဲ့ လူးလိမ့်ပြီး ခံကြရတာပဲ။

မြန်မာပြည်ရဲ့ နှစ်စဉ်ဝင်ငွေနဲ့ ထွက်ငွေကို ကြည့်မယ်ဆိုရင် မြန်မာပြည်က နိုင်ငံခြားပစ္စည်း တွေဝယ်လို့ ထွက်သွားတဲ့ငွေထက်၊ မြန်မာပြည်က ကုန်တွေကို နိုင်ငံခြားတွေကို ရောင်းလို့ရတဲ့ ဝင် ငွေကနှစ်ဆ

လောက်များတယ်။ မြန်မာပြည်ဟာ ကိုယ့်မင်းကိုယ့်ချင်း တိုင်းပြည် (ဝါ) လွတ်လပ်တဲ့ သမ္မတနိုင်ငံတော် ဖြစ်ပါဘိမူကား မြန်မာပြည်ဟာ တစ်နှစ်ထက် တစ်နှစ် ပေါများချမ်းသာပြီး မြန်မာတွေ ငွေပဒေသာ၊ ရွှေပဒေသာပေါက်သလို ဖြစ်နေတော့မှာပဲ။

အခုတော့ ဖြစ်ပုံက မြန်မာပြည်ထဲဝင်တဲ့ ငွေဟာ ထွက်ငွေထက်နှစ်ဆများပေမယ့် ရတဲ့လူက မြန်မာလူမျိုးတွေ မဟုတ်ဘဲ လူမျိုးကွဲ ဧနရှင်တွေ ဖြစ်တော့ မြန်မာများမှာ ပစ္စည်းမဲ့ လူမွဲဘဝက မတက်တဲ့အပြင် တိုး၍မွဲ တိုး၍ဆင်းရဲ ဖြစ်ကြရတယ်။

အဲဒီလို မြန်မာတွေ ဆင်းရဲမွဲတေ ကလေကချေနဲ့ စီးပွားရေးရော ပညာရေးပါ ချို့ယွင်းပျက်စီးပြီး သူခိုးဓားပြ ဖြစ်နေကြရတဲ့ အကြောင်းရင်းကတော့ ခုတင်က ငါရေးခဲ့တဲ့အတိုင်း ၁၂၄၇ ခုနှစ်ဆိုတဲ့ နှစ်ဆိုးနှစ်ယုတ်မာကြီးရဲ့ စနစ်ကြောင့် ဖြစ်ရတယ်။ ယခုနှစ်ဟာ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၇ ခုနှစ် ဖြစ်နေပြန်တော့ ဒီ ၄၇ ခုနှစ်ဟာ မြန်မာတွေအတွက် အမင်္ဂလာနှစ်ဆိုး နှစ်ပုပ်ကြီးဖြစ်တဲ့အကြောင်း ဗိုလ်ချုပ်နဲ့ရဲဘက်တော်တွေ လုပ်ကြံသတ်ဖြတ်ခြင်း ခံရတာက သက်သေအထက်အရှား ပြနေတယ်။

ဗိုလ်ချုပ်နှင့်တကွ ရဲဘက်တော်ရှစ်ဦးဟာ လူမသမာ လူယုတ်မာတို့၏ ရက်စက်စွာလုပ်ကြံမှုကြောင့် သွေးမြေခကာ မရဏသဘောသို့ ရွှေ့လျှောပြောင်းကြွကြရပုံကို သူငယ်ချင်း ကွင်းကွင်းကွက်ကွက် ထင်မြင်ပေါ်ပေါက်လာအောင် ရေးပြရဦးမှာပဲ။ ဒီရေးသားချက်တွေဟာ သတင်းစာထဲမှာ ပါတာတွေကို သင့်လျော်အောင် စီစဉ်ရေးသားခြင်း ဖြစ်တယ်ဆိုတာ မင်းသိထားနှင့်စေချင်တယ်။

၁၃၀၉ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (၁၉ - ၇ - ၄၇) စနေနေ့ဟာ မြ

န်မာ့သမိုင်းမှာရော၊ ကမ္ဘာ့သမိုင်းမှာရော သွေးစွန်းကွက်တဲ့ နေ့ဆိုးနေ့ ယုတ်မာ အမင်္ဂလာနေ့ကြီး ကြုံတော့မယ်ဆိုတာ လူတွေသာမက သြကာသလောကပါ တင်ကြိုသိရှိ တိတ်နိမိတ်ပြသလို ဖြစ်နေတယ်။ မိုးကောင်းကင်တစ်ခုလုံး အုံ့မှိုင်းမည်းမှောင်ကာ အာကာသတပြင်ဟာ ငိုတော့မည့်အသွင် ပေါ်နေတယ်။ လူတွေရဲ့ စိတ်မှာလည်း တစ်စုံတစ်ခု ဖြစ်တော့မည့်ပမာ ထိတ်လန့်ချောက်ချားကာ ကျီးလန့်စာစားဆိုတာလို ဖြစ်နေပြီး ရင်ထဲမှာ တအုံနွေးနွေးနဲ့ စိတ်လေးနေကြတယ်။

မြန်မာပြည်သာမက တစ်ကမ္ဘာလုံး တုန်လှုပ်ချောက်ချားစေမယ့် အဖြစ်ဆိုးကြီး စတင်ဖြစ်ပွား ပေါ်ပေါက်ရာ ဌာနကတော့ ရန်ကုန် - နေပြည်တော်အတွင်း အရှေ့လားသော် ဂျူဒါအီဆီကယ်လမ်း။ အနောက်လားသော် စပတ်လမ်း။ တောင်လားသော် ဒါလဟိုဇီလမ်း။ မြောက်လားသော် ဖရေဇာလမ်း။ (အင်္ဂလိပ်နာမည်တွေချည်း မှည့်ထားတဲ့) ဤလမ်းကြီးလေးသွယ် နယ်နိမိတ်သတ်မှတ်ထားတဲ့ “စက္ကရီ တေရီယက်” လို့ ကုလားဖြူလိုခေါ်တဲ့ အတွင်းဝန်ရုံးကြီးအတွင်းမှာ မြန်မာပြည်ရော ကမ္ဘာပါမကျန် ထိတ်လန့်တုန်လှုပ်စေမယ့် အကြောင်းဆိုးကြီး စတင်ဖြစ်ပွားရတာပဲ သူငယ်ချင်းရဲ့။

နံနက် ၁၀ နာရီကျော်ကျော်အချိန်လောက်မှာ အတွင်းဝန်ရုံးကြီး၊ ဒုတိယထပ် အနောက် ဘက်ဆောင် မြောက်ဘက်နား ခပ်ကျကျတွင် တည်ရှိတဲ့ ဗိုလ်ချုပ်ဦးအောင်ဆန်းရဲ့ ရုံးခန်းထဲမှာ အစိုးရအဖွဲ့လို့ခေါ်တဲ့ ဝန်ကြီးများ အစည်းအဝေး ဆင်ယင်ကျင်းပကြတယ်။

တက်ရောက်တဲ့ ဝန်ကြီးများကတော့ (၁) ဗိုလ်ချုပ်ဦးအောင်ဆန်း (မြန်မာပြည် အစိုးရအဖွဲ့၏ ဒုတိယသဘာပတိ)၊ (၂) သခင်မြ (ဘဏ္ဍာရေးဝန်ကြီး)၊ (၃) ဦးဘချို (ပြန်ကြားရေး ဝန်ကြီး)၊ (၄) ဦးဘဝင်း

(ကူးသန်းရောင်းဝယ်ရေးဝန်ကြီး)၊ (၅) မန်းဘခိုင် (အလုပ်သမားနှင့် စက်မှု လက်မှု ဌာနဝန်ကြီး)၊ (၆)မစ္စတာ ရာဇတ် (ပညာရေးဝန်ကြီး)၊(၇) မိုင်းပွန်စော်ဘွားကြီး (တောင်တန်းဒေသ ဆိုင်ရာဝန်ကြီး)၊ (၈) ဦးဘဂျမ်း (ပြန်လည်ထူထောင်ရေး ဝန်ကြီး) (၉) ပျော်ဘွယ် ဦးမြ (စိုက်ပျိုးရေးဝန်ကြီး) (၁၀) ဦးအောင်ဇံဝေ (ပြည်သူ့ဝန်ထမ်းဌာန ဝန်ကြီး) ပေါင်း ဝန်ကြီး ၁၀ ဦး အစည်းအဝေးကို တက်ရောက်ကြတယ်။

အစည်းအဝေးမရောက်တဲ့ ဝန်ကြီးများကတော့ (၁) သယ်ယူပို့ဆောင်ရေးဝန်ကြီး ဦးစံဘိုးသင်း က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို တိုင်းခန်းလှည့်လည်နေတယ်။ (၂) ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းနဲ့ (၃) ဝန်ကြီး ဦးတင်ထွဋ်တို့က အနောက်နိုင်ငံ ရောက်နေကြတယ်။

အစည်းအဝေးရောက်တဲ့ အထက်ပါဝန်ကြီး ၁၀ ဦးအပြင် (၁) သယ်ယူပို့ဆောင်ရေးဌာန အတွင်းဝန် ဦးအုန်းမောင်။ (၂) အစိုးရအဖွဲ့ အတွင်းဝန်နဲ့ (၃) နိုင်ငံခြားဌာန အတွင်းဝန်တို့လည်း အစည်း အဝေး အခန်းထဲမှာ ရှိကြသတဲ့။

နံနက် ၁၀ နာရီခွဲ အချိန်လောက်ကျတော့ အစိမ်းရောင်ဂျစ်ကား ကလေးတစ်စီးဟာ ခြသေ့်တံဆိပ် ၁၂ မှတ် မြန်မာပြည်စစ်တပ် ယူနီဖောင်း အပြည့်အစုံဝတ်ဆင်ထားတဲ့ လူ ၅ ယောက်ကိုတင်ဆောင် ပြီး အတွင်းဝန်ရုံးဝင်းထဲ ဝင်လာသတဲ့။ ရုံးအောက်မှာ မော်တော်ကား ကိုရပ်ထားပြီး စစ်ယူနီဖောင်းအရေကို ခြုံလွှမ်းထားတဲ့ သေမင်းတမန် ငါးဦးဟာ စတင်းဂန်း တော်မီဂန်းလို့ခေါ်တဲ့ စက်သေနတ်ကလေးတွေ ကိုယ်စီကိုင်ကာ အရေးကြုံက ချက်ချင်းပစ်နိုင်ရန် အသင့်ချိန်ရွယ်ပြီး ဝန်ကြီးတွေ အစည်းအဝေးကျင်းပနေတဲ့ အခန်းဆီကို လျှောက်လာကြ

သတဲ့။ အခန်းဝမှာစောင့်နေတဲ့ ပြာတာကို ဝင်ခွင့်တောင်းတော့ ပြာတာက "ဝန်ကြီးများ စည်းဝေးနေကြပါတယ်။ ဝင်ခွင့်မပြုနိုင်ပါ" လို့ ပြောတဲ့အခါ ပြာတာကို တွန်းထိုးပြီး လူသတ်သမားနှစ်ယောက် အခန်းထဲကို ဖွတ်အတင်းဝင်ကြတယ်။ သုံး ယောက်က အပေါက်ဝမှာ သေနတ်အသင့်ချိန်ကာ စောင့်နေသတဲ့။

လူသတ်သမားနှစ်ယောက်ဟာ အခန်းထဲရောက်လို့ စက်သေနတ်နဲ့လည်း ချိန်လိုက်ရော ဗိုလ်ချုပ်က အပေါက်ဝဘက် မျက်နှာမူနေတာဖြစ်တော့ ရှေးဦးစွာမြင်ရပြီး "ဟေ့ ဟေ့" လို့ အော်ကာ သတိပေးသတဲ့။ တချို့ သတင်းစာအဆိုကတော့ ဗိုလ်ချုပ်ဦးအောင်ဆန်းဟာ ကုလားထိုင်ပေါ်ထိုင်နေရာက မတ်မတ်ကြီးရပ်လိုက်ပြီး ရင်ကိုကော့ကာ "ငါသေမှာကြောက်တဲ့လူ မဟုတ်ဘူး။ ပစ်လိုက်ကွ" လို့ သတ္တိသွေးပြသွားတယ်လို့ဆိုတာပဲ။

လူသတ်သမားနှစ်ယောက်အနက် တစ်ယောက်က အပေါ်ပိုင်းကို ကျန်တစ်ယောက်က အောက်ပိုင်းကို ချိန်ကာ စက်သေနတ်ကို ၂ ချက်စီဆွဲလိုက်တာနဲ့ တစ်ပြိုင်နက် ဝန်ကြီးတွေဟာ ငှက်ပျောပင်ကိုပိုင်းဖြတ်လိုက်တာလို တိမ်းပါးပြိုလဲ သွေးအိုင်ထဲမှာ သေပွဲဝင်ကြရရှာတယ်။ မသေခင် သွေးအိုင် သွေးပွက်ထဲမှာ လူးလိမ့်ကာ မရှုမလှဝေဒနာ ခံစားကြရရှာသတဲ့။ ဘယ်လောက် သနားစရာ ကြေကွဲစရာကောင်းသလဲ သူငယ်ချင်း။ ငါတို့ မြန်မာပြည်အလုံးရဲ့ ဦးကိုင်ခရိုင်အချုပ်ဖြစ်ကြတဲ့ အစိုးရအဖွဲ့ကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းဟာ မြန်မာလူမျိုး ၁၆ သန်းရဲ့ ဦးခေါင်းကို ဖြတ်လိုက်တာနဲ့ အတူတူပဲ မဟုတ်လား။ ဝန်ကြီးများရဲ့သွေးတွေဟာ ကြမ်းပြင်တစ်ခုလုံး ပိတ်ဖုံးလွှမ်းမိုးကာ အပြင်ကိုပင် စီးထွက်လာသတဲ့။

ဗိုလ်ချုပ်ဦးအောင်ဆန်း၊ ဒီးဒုတ်ဦးဘချိုနဲ့ မိုင်းပွန်စော်ဘွားကြီးတို့ဟာ ချက်ချင်း အသက်မပျောက်ဘဲ ဆေးရုံကို အသက်ပါသွားကြသေးသတဲ့။ ဗိုလ်ချုပ်က ဆေးရုံရောက်လို့ မကြာခင်ဘဲ ကွယ်လွန်ရှာတယ်။ ဦးဘချိုက ညနေ ၃ နာရီလောက်မှ ဇီဝိန်ချုပ်သတဲ့။ မိုင်းပွန်စော်ဘွားကြီးကတော့ နောက်နေ့ မွန်းတည့်ချိန်လောက်မှ ကံတော်ကုန်ရှာတယ်။

လူသတ်သမာတွေဟာ ဝန်ကြီးတွေသတ်ပြီးလို့ ပြန်ထွက်သွားတဲ့အခါ ပညာရေးဝန်ကြီး မစ္စတာရာဇတ်၏ သက်တော်စောင့် ကိုထွေးနဲ့တွေ့တော့ ကိုထွေးကိုပါ ပစ်သတ်သွားတယ်။ ကိုထွေးကို ပစ်သတ်တဲ့အကြောင်းကတော့ လူသတ်သမားတွေကို ကိုထွေးက မြင်တော့ခါးထဲက ခြောက်လုံးပြူးကို ထုတ်ပြီးချိန်တဲ့အတွက် ကိုထွေးကိုပစ်တယ်လို့အချို့က ပြောကြတယ်။ အချို့ကပြောတော့လည်း ကိုထွေးနဲ့ လူသတ်သမားတစ်ယောက်နဲ့ သိကျွမ်းတဲ့အတွက် ကိုထွေးက အဲဒီလူနာမည်ကိုခေါ်လိုက်သတဲ့။ တကယ်လို့ ကိုထွေး အသက်ရှင်လျက်ရှိရင် သက်သေရမှာ စိုးတဲ့အတွက် ခြေရာပျောက် ပစ် သတ်သွားတယ်လို့ ထင်စရာရှိတာပေါ့။

သေမင်းတမန်တွေ ပစ်သံခတ်သံကို ကြားကြရတော့ အတွင်းဝန်ရုံးကြီးတစ်ခုလုံးရော အနီးအနား ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေပါ ပြေးကြလွှားကြ အော်ဟစ်ပုန်းအောင်းကြနဲ့ ကမ္ဘာကြီးပျက်သလို ပွက်လောရိုက်ဆူညံသွားကြတယ်။ သေမင်းတမန်တွေဟာ သူတို့စီးလာရင်း ဂျစ်ကားစိမ်းကလေးနဲ့ အတွင်းဝန်ရုံးအတွင်းက ထွက်ကာ ကိုယ်ဖျောက်သွားကြတာပါပဲ။

ဒီထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှတဲ့ သတင်းဆိုးကြီးကို ဘုရင်ခံအစရှိတဲ့ အစိုးရအရာရှိတွေရော၊ ပုလိပ်ဌာနတွေအပြင် တစ်မြို့လုံးရှိတဲ့

လူထုပါမကျန် တောမီးလောင်သလို ရုတ်ခြည်းပြန့်နှံ့ ကြားသိကြရတဲ့အခါ အော်သူအော်၊ ငိုသူငို ၊ မျက်ရည်ကျသူကျ၊ ရင်သပ်စုတ်ထိုး အမျိုးမျိုးကြေကွဲဝမ်းနည်းလို့ မဆုံးနိုင်အောင် ဖြစ်ရတဲ့အပြင် လူသတ်သမားတွေကို ကျိန်ဆဲရေရွတ်ကာ အမဲဖျက်သလို ဖျက်ချင်တဲ့ လူအမြောက်အမြားဟာလည်း လက်တယားယား ဟန်တပြင်ပြင် ဖြစ်နေကြတယ်။

ဗိုလ်ချုပ်အစရှိတဲ့ ခေါင်းဆောင်ကြီးတွေကို အဓမ္မ လုပ်ကြံသတ်ဖြတ်မှုကြီး ဖြစ်ပွားပြီးနောက် နာရီပိုင်းလောက်အတွင်းမှာပဲ သိကြားမင်းနဲ့ မိုးနတ်သားဟာ ကွယ်လွန်သူများကို သနားကြင်နာလှတဲ့အပြင် အဓမ္မအကောင်တွေကိုလည်း စိတ်ဆိုး စိတ်နာလှတဲ့ပမာ ကောင်းကင် တစ်ပြင်လုံးမှာ အုံ့ဆိုင်း မည်းမှောင်ကာ မျက်ရည်နဲ့တူတဲ့ မိုးရေမိုးပေါက်တွေ သွန်းဖြိုးရွာချလိုက်တာပဲ။

လူသတ်မိစ္ဆာကောင်တွေရဲ့လက်ချက်ကြောင့် မရှုမလှ ကွယ်လွန်သေဆုံးကာ လွတ်လပ်ရေးဗိမာန်ကို အသက်နဲ့ သွေးနဲ့ လဲလှယ်တည်ဆောက်လျက် လွတ်လပ်ရေး အစတေးခံကြရရှာတဲ့ ပုဂ္ဂိုလ်ကြီးတွေကတော့ ဝန်ကြီးများဖြစ်ကြတဲ့ (၁) ဗိုလ်ချုပ်ဦးအောင်ဆန်း၊ (၂) မိုင်းပွန်စော်ဘွားကြီး၊ (၃) မန်းဘခိုင်၊ (၄) မစ္စတာရာဇတ်၊ (၅) ဦးဘချို၊ (၆) သခင်မြ၊ (၇) ဦးဘဝင်းတို့အပြင် (၈) အတွင်း ဝန်ဦးအုန်းမောင်နဲ့ (၉) ပညာရေးဝန်ကြီး၏ သက်တော်စောင့်ဖြစ်တဲ့ ကိုထွေးတည်းဟူသော အာဇာ နည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး ၉ ဦးဖြစ်တယ်။

အစည်းအဝေးအခန်းထဲ ရှိပါလျက် သေကံမရောက် သက်မပျောက်ဖြစ်ရတဲ့ ဝန်ကြီးများက တော့ (၁) ဦးဘဂျမ်း (လက်တွင်အနည်းငယ် ဒဏ်ရာရသွားသည်) (၂) ပျော်ဘွယ်ဦးမြ (၃) ဝန်ကြီး ဦးအောင်ဇံဝေ တို့

ဖြစ်ကြတယ်။

အထက်ပါ အမင်္ဂလာသတင်းဆိုးကြီးဟာ ရန်ကုန်မြို့အတွင်း ချက်ချင်းလိုပင် ပျံ့နှံ့သွားပြီးတဲ့နောက် မြန်မာတစ်ပြည်လုံးနဲ့တကွ ကမ္ဘာတစ်ဝှမ်းလုံးပါ ကြေးနန်း၊ တယ်လီဖုန်း၊ ဝိုင်ယာလက် ရေဒီယိုတို့ရဲ့ တန်ခိုးသတ္တိကြောင့် အားလုံးပဲသိကြ၊ ပြောကြ သတင်းစာမှာထည့်ကြ ဝမ်းနည်းကြ ပူဆွေးကြနဲ့ ပွက်လောရိုက်သွားတယ်။

ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ပုလိပ်ဌာနအသီးသီးက ပုလိပ်အရာရှိကြီးတွေရော လက်အောက်ငယ်သားများပါ "သတ်ဖြတ်မှုကြီး" သတင်းကြားတာနဲ့ တစ်ပြိုင်နက် လက်သည်တရားခံကို ပိုက်စိပ်တိုက်ကာ ဒေါင်းတောက်အောင်ရှာကြတယ်။ လူသတ်သမားတွေက ခြသေ့်တံဆိပ် ၁၂ မှတ်စစ်တပ် ယူနီဖောင်းအရေကို ခြုံလာတာဖြစ်တော့ စစ်သားတွေ ရန်ကုန်မြို့တွင်းသို့ မဝင်ရဘူးလို့ အာဏာပိုင်များက အမိန့်ထုတ်ထားတယ်။

ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ကလေး လူကြီး ယောကျ်ား မိန်းမ သံဃာတော်မြတ်များပါ မကျန် ဒီသတင်းဆိုးကြီး ကြားရတဲ့အခါ ထိတ်လန့်တုန်လှုပ်သွားကြတယ်၊ ငေးငိုင်တွေဝေနေကြတယ်။ "ကမ္ဘာကြီးပျက်ပြီ" ဆိုတဲ့ သတင်းကြားလိုက်ရသလို ဆောက်တည်မရ ဖြစ်နေကြတယ်။ အမှန်တော့ ကမ္ဘာကြီးပျက်တာ မဟုတ်သော်လည်း မြန်မာပြည်ကြီး လောလောဆယ်ပျက်လိုက်တာတော့ အမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်ကို အုပ်ချုပ်နေတဲ့ အစိုးရတစ်ဖွဲ့လုံးလိုလို သုတ်သင်ခြင်းခံ ရတာဟာ မြန်မာပြည်ပျက်တာနဲ့ ဘာထူးသေးသလဲ သူငယ်ချင်းရဲ့။

ရန်ကုန်မြို့သူမြို့သားတွေလည်း ဘာလုပ်ရမယ်မသိ၊ ဘာပြောရ

မယ်မသိ၊ ဘာကြံရမယ် မသိ ဖြစ်ကာ ပြေးကြ၊ လွှားကြ၊ ခေါ်အော်ကြ ငိုယိုကြနဲ့ ယောက်ယက်ခတ် ဖြစ်ကုန်ကြတယ်။ တစ်မြို့လုံးမှာရှိတဲ့ ဈေးဆိုင်ကန္နားတွေ၊ အလုပ်တိုက်တွေ၊ ဘိုင်စကုတ်ရုံတွေပိတ်။ ယာဉ်ရထားတွေ ရပ်တန့်ကာ တိတ်ဆိတ်ငြိမ်သက်လွန်းမက ငြိမ်သက်လှပြီး အလွန်သာယာစည်ကားတဲ့ ရန်ကုန်မြို့ကြီးဟာ တစ်မုဟုတ်ချင်း သုသာန်တစ်စပြင်ပမာ ခြောက်သွေ့ ဆိတ်သုဉ်းသွားတယ်။ အိမ်တိုင်းအိမ်တိုင်းမှာရှိတဲ့ လူတိုင်း လူတိုင်းဟာလည်း ဗိုလ်ချုပ်တို့ကို ရက်စက်စွာ လုပ်ကြံမှုကြီးအကြောင်းကိုပဲ ပြောဆိုနေကြတယ်၊ ဆွေးနွေးနေကြတယ်၊ မေးမြန်းနေကြတယ်၊ ဖြေကြားနေကြတယ်။ တစ်ယောက်တည်းနေတဲ့အခါ ဒီအကြောင်းကိုပဲ တွေးတောဆွေးမြေ့နေကြတယ်။

ဖြစ်ပွားတဲ့နေ့က စပြီး ည ၇ နာရီက နံနက် ၅ နာရီအထိ လမ်းမထွက်ရဘူးလို့ နေဝင်မီးငြိမ်း အမိန့်ထုတ်ထားတဲ့အတွက် ညအချိန်မှာ ရန်ကုန်မြို့ကြီးဟာ ပိုမိုခြောက်သွေ့နေပြီး ထိတ်လန့်ငြီးငွေ့ ဖွယ်ရာကြီးဖြစ်နေတယ်။ (၂-၈ -၄၇) နေ့ကစ၍ နေဝင်မီးငြိမ်းအမိန့်ကို ည ၁၀ နာရီက နံနက် ၅ နာရီလို့ အချိန်ပြောင်းလိုက်တယ်။

ကြေကွဲ ဝမ်းနည်းဖွယ် အဖြစ်ဆိုးကြီး ဖြစ်ပွားပြီးတဲ့နောက် နေ့မခြား ရက်မခြားဆိုသလိုပဲ ဒီသတင်းဆိုးကြီးဟာ မြန်မာတစ်နိုင်ငံလုံးလိုလို ပြန့်နှံ့သွားပြီး တစ်ပြည်လုံးရှိတဲ့ လူထုတွေဟာ ရန်ကုန် မြို့ကြီးက လူတွေနဲ့မခြား စိတ်မချမ်းမသာ သောကဗျာပါဒတွေ များကြရလေတယ်။

ဗိုလ်ချုပ်တို့ သတ်ခြင်းခံရတဲ့ ရက်မှာပဲ ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် မြန်မာပြည်ဘုရင်ခံက အောက်ပါအတိုင်း အသံလွှင့်မိန့်ကြားတယ်။

(၁၉ - ၇ - ၄၇) နံနက် အမှုဆောင်ကောင်စီအဖွဲ့ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ဝန်ကြီးများအား သေကြောင်း လုပ်ကြံသည့်အကြောင်းကို မြန်မာပြည်သူပြည်းသားတို့အား ကျွန်ုပ်က အထူး ဝမ်းနည်းစွာဖြင့် ပြောကြားရပါကြောင်း။

နံနက် ၁၀ နာရီခွဲသာသာလောက်တွင် စက်သေနတ်များ ကိုင်ဆောင်သူတို့သည် အစည်းအဝေးခန်းထဲသို့ ဝင်ရောက်လာ၍ အတွင်းရှိလူများကို ပစ်ခတ်ကြောင်း။

ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့်တကွ ဝန်ကြီးသခင်မြ၊ ဝန်ကြီးမန်းဘခိုင်၊ ဝန်ကြီးဦးဘချို၊ ဝန်ကြီးအဗ္ဗဒူရာဇတ်နှင့် ဝန်ကြီးဦးဘဝင်းတို့ သေဆုံးကြကြောင်း။

မိုင်းပွန်စော်ဘွားကြီးမှာလည်း ဒဏ်ရာရရှိသွားကြောင်း။ (ဘုရင်ခံ အသံလွှင့်ချိန်တွင် မိုင်းပွန်စော်ဘွားကြီး ကံမကုန်သေး။ နောက်နေ့တွင်မှ ကံတော်ကုန်ရှာလေသည်။)

ဤကဲ့သို့ သူရဲဘောနည်းသူတို့၏ အပြုအမူကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံရေးခေါင်းဆောင်ကြီးနှင့်တကွ နိုင်ငံတွင် မရှိလျှင် မဖြစ်သလောက် အရေးကြီးလှသော ဝန်ကြီးများ ဆုံးရှုံးရသည့်အတွက် ကျွန်ုပ်က များစွာ ပင်ဝမ်းနည်းပါကြောင်း။ မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့သည် ငြိမ်သက်တည်ကြည်စွာနေကြလျက် ကွယ်လွန်သူခေါင်းဆောင်ကြီး သတ်မှတ်ပေးသွားသည့် ဉာဏ်အမြော်အမြင်ပြည့်စုံသော လွတ်လပ်ရေး လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် ကျွန်ုပ်က နှိုးဆော်လိုက်ပါကြောင်း။

တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ သခင်နုက အစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် သဘောတူလိုက်ပြီဖြစ်ကြောင်းကို ကျွန်ုပ်က ဝမ်းသာစွာနှင့်

ပြောပြရပါကြောင်း။ ဥက္ကဋ္ဌ သခင်နုက အစိုးရအဖွဲ့သစ် ဖွဲ့စည်းရာတွင် ဝန်ကြီးပျော်ဘွယ်ဦးမြ၊ ဦးအောင်ဇံဝေနှင့် ဦးဘဂျမ်းတို့က ကူညီကြလိမ့်မည်ဖြစ်ကြောင်း။

အဆိုပါ ဝန်ကြီးများမှာ အစည်းအဝေး တက်ရောက်ကြသော်လည်း ကံကောင်းထောက်မသဖြင့် ဒဏ်ရာအကြီးအကျယ်မရဘဲ လွတ်မြောက်သွားကြကြောင်း။

ဘုရင်ခံအသံလွှင့်ချက်ကို ရေဒီယိုရှိတဲ့ မြို့တိုင်းရွာတိုင်းက ကြားကြရပေမယ့် မင်းတို့ရွာကတော့ဖြင့် ကြားကြရမယ် မဟုတ်ဘူးနော်။ မြန်မာပြည်ဟာ ကျွန်ပြည်ဖြစ်နေသေးတဲ့အတွက် ကျွန်မြန်မာ တောသူတောင်သား ဆင်းရဲသားတွေဟာ အောက်ကျနောက်ကျ အင်မတိအင်မတန် ဖြစ်နေသေးတာပဲ။

အဲဒီလို မြန်မာတွေ ကျွန်တွင်းနစ်ပြီး ဖြစ်ချင်တိုင်းဖြစ်နေတာကို မကြည့်ရက်နိုင်တဲ့အတွက် ဗိုလ်ချုပ်ဟာ သူ့စည်းစိမ်နဲ့အသက်ကို ငဲ့ကွက်ခြင်းမရှိဘဲ တိုင်းပြည်လူထုကို ခေါင်းဆောင်ကာ မြန်မာပြည်ကျွန်တွင်းက လွတ်ရေး၊ မြန်မာတစ်မျိုးလုံး သခင်ဘဝရောက်ရေးအတွက် ရှုပ်ရှုပ်ရွံ့ရွံ့ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့တယ်။ အဖ မြန်မာပြည်ရဲ့ အဖိုးတန်သားကောင်းရတနာတစ်ပါးတော့ဖြင့် ဆုံးရှုံးသွားရှာပေါ့ သူငယ်ချင်း။

မြန်မာလူမျိုးတွေ အင်္ဂလိပ်ရဲ့ ကျွန်သပေါက်ဖြစ်ကာ ကျွန်တွင်းနစ်ရတာဟာ သုံးကြိမ်သုံးခါပဲကွဲ့။ မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ် ဘကြီးတော်ဘုရားလက်ထက်မှာ အင်္ဂလိပ်နဲ့ မြန်မာ ပထမစစ်ပွဲတိုက်ခိုက်တော့ မြန်မာတွေရှုံးနိမ့်ပြီး ရခိုင်တိုင်း တနင်္သာရီတိုင်းနဲ့ မြန်မာအင်ပါယာတွေ အပါအဝင်ဖြစ်တဲ့ အာသံ မဏိပူရတို့ကို စွန့်လွှတ်လိုက်ရတာ

ဟာ ၁၂၃ နှစ်ရှိသွားပြီး တစ်နည်းအားဖြင့်ဆိုရင် မြန်မာလူမျိုးတွေ ကျွန်တွင်းထဲ ခါးအထိနစ်မြုပ်တာ နှစ်ပေါင်း ၁၂၀ ကျော်ပေါ့။

မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် ပုဂံမင်းလက်ထက်မှာ မြန်မာနဲ့ အင်္ဂလိပ် ဒုတိယအကြိမ် တိုက်ခိုက်ပြန်တော့ မြန်မာတွေပဲ ရှုံးနိမ့်ပြီး သရက်မြို့ အောင်လံမြို့အထက် ငါတို့ရွာ အောက်နားက ကျောက်တိုင်စိုက်ကာ မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်လက်ထဲပေးလိုက်ရတယ်။ မြန်မာတွေ ကျွန်တွင်းထဲ ရင်ဘတ်အထိ မြုပ်တာ ၈၅ နှစ်ရှိပြီ။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် သီပေါဘုရင်လက်ထက် မြန်မာနဲ့ အင်္ဂလိပ် နောက်ဆုံးပိတ် စစ်ဖြစ်ပြီး မြန်မာတွေကျွန်တွင်းမှာ စုံးစုံးမြုပ်ရတာ ၆၂ နှစ်ရှိပြီ ပျမ်းမျှခြင်း မြန်မာ့ကျွန်သက်ဟာ နှစ်ပေါင်း ၁၀၀ နည်းပါးရှိပေါ့။

ကျွန်သက် ၁၀၀ အတွင်းမှာ မြန်မာတွေဟာ ကျွန်ဒဏ်၊ သပေါက်ဒဏ်သင့်ကာ စီးပွားရေးပျက်၊ ပညာရေးညံ့ဖျင်း၊ စာရိတ္တခေါင်းပါးပြီး လူရာမဝင် လူစင်မမီသလို ဖြစ်နေကြတယ်။ ကမ္ဘာ့မျက်စိနဲ့ကြည့်ရင် မြန်မာတွေဟာ ကလေးသာသာဘဝမျိုး ရောက်နေကြတယ်။

မြန်မာတစ်မျိုးလုံး အောက်ကျနောက်ကျ ကလေကဝ ဖြစ်နေရတော့ မြန်မာလူထုကို ရှေ့ဆောင်နိုင်တဲ့ ခေါင်းဆောင်ကောင်းများလည်း အင်မတန်ရှားတာပဲ။ မြန်မာပြည်မှာ ခေါင်းဆောင်အမျိုးမျိုး အလျှိုလျှိုပေါ်ပေါက်ခဲ့ဖူးပေမယ့် ကျွန်ဘဝမှာ သန္ဓေမှီပြီး ဖြစ်ကြရတဲ့ ကျွန်ခေါင်းဆောင်တွေဖြစ်တော့ ကိုယ်ကျိုးငဲ့မှုတို့၊ ကိုယ့်ဆွေကိုယ့်မျိုးကောင်းစားရေးကို အရင်ကြည့်မှုတို့၊ အသက်စည်းစိမ်ကို မစွန့်လွှတ်နိုင်မှုတို့ဆိုတဲ့ ကျွန်အနံ့အသက်တွေ ပါနေခဲ့ကြတယ်။ "ငါ မင်းသားမလုပ်ရရင် ပတ်မကြီး ထိုးဖောက်မယ်" ဆိုတဲ့ ခေါင်းဆောင်မျိုးသာ မြန်မာပြည်

မှာ ပေါ်ခဲ့တာတွေ အများအားဖြင့် တွေ့ရတယ်။

ဗိုလ်ချုပ်ကို လုပ်ကြံသတ်ဖြတ်မှုဟာလည်း မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်တဲ့ ခေါင်းဆောင်တစ်ဦး သို့မဟုတ် ခေါင်းဆောင် အချို့ရဲ့ ဝါဒပဲဆိုတာ တိုင်းပြည်က သိနေကြပြီ။

အဲဒီလို အင်မတိ အင်မတန် တကယ့်ခေါင်းဆောင်ကောင်းရှားနေတဲ့ တို့မြန်မာပြည်မှာ ကိုယ့်စီးပွားရေးကိုလည်း နည်းနည်းကလေးမှ အရေး မထား။ ကိုယ့်အသက်ကိုလည်း အသက်မမှတ်ဘဲ မြန်မာတစ်မျိုးလုံး ကောင်းစားရေးအတွက် တကယ့် စိတ်ကောင်း စေတနာကောင်းနဲ့ လမ်းညွှန်ရှေ့ဆောင်တဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဦးအောင်ဆန်း ကွယ်လွန်ရတာဟာ မြန်မာတစ်မျိုးလုံး ကံဆိုးမိုးမှောင်ကျရတာပါပဲ သူငယ်ချင်း။

အဖ မြန်မာပြည်ရဲ့ သားကောင်းတစ်ယောက် ဆုံးရှုံးရရုံတင်သာ မက ကမ္ဘာရဲ့ သူရဲကောင်း အာဇာနည်ကြီးတစ်ယောက် ဆုံးရှုံးရခြင်း လည်း မှန်ပါတယ်။

ဗိုလ်ချုပ်ဟာ အခုမှ အသက် ၃၃ နှစ်သာရှိသေးတော့ သက်တန်းစေ့ သာနေရမယ်ဆိုရင် မြန်မာ့အကျိုး၊ အာရှတိုက်ကြီးရဲ့ အကျိုး၊ တစ်ကမ္ဘာ လုံးရဲ့အကျိုးကို အမျိုးမျိုး သယ်ပိုးထမ်းဆောင်ဖို့ အချိန်တွေအများကြီးရှိ နိုင်ပါရက်သားနဲ့ မသမာလူတို့ လက်ချက်ကြောင့် သက်တမ်းစေ့ မနေရ ဘဲ ခန္ဓာကြွေပြီး မရဏာပြည်ကူးရတာဟာ မြန်မာများသာမက တစ် ကမ္ဘာလုံးကပါ ဝမ်းနည်းတသ ယူကြုံးမရဖြစ်လို့ ဆုံးနိုင်တော့မှာမဟုတ် ဘူး။

ဗိုလ်ချုပ်ရဲ့ ဇာတိချက်ကြွေဒေသဟာ နတ်မောက်မြို့ဖြစ်လို့ မင်းတို့ ငါတို့နဲ့ တစ်နယ်သားတည်းပေါ့။ နတ်မောက်မြို့ဟာ

နှလုံးရည်လက်ရုံးရည် ထူးချွန်တဲ့ ပုဂ္ဂိုလ်သာပေါ်တာမဟုတ်ဘူး။ စာပေရည် ထူးချွန်တဲ့ပုဂ္ဂိုလ်လည်း ပေါ်ခဲ့ဖူးတယ်။ "စုံနံ့သာမြိုင်" ရှာပုံတော်ကြီးကိုရေးတဲ့ စာရေးဆရာကြီး ဦးကျော့ဟာ နတ်မောက်သားဇာတိပေါ့။

ဗိုလ်ချုပ်နဲ့ ရဲဘက်တော်များကို လုပ်ကြံသတ်ဖြတ်တဲ့ကိစ္စကို တစ်ကမ္ဘာလုံးကပဲ မျက်စိဖွင့် နားစွင့်ပြီး ကြည့်ရှုနားထောင်နေကြတယ်။ ခေါင်းဆောင်ကောင်း အင်မတန်ရှားတဲ့ မြန်မာပြည်မှာ တကယ့်ခေါင်းဆောင်တစ်ဦး ဆုံးရှုံးရလို့ ဝမ်းနည်းစရာကောင်းတဲ့အပြင် ကျွန်တိုင်းက မလွတ်လပ်သေးခင် ဒီလိုဖြစ်ရတာဟာလည်း ပိုပြီး ဝမ်းနည်းဖို့ကောင်းတယ်။

ဒါတင် မကသေးဘူး။ မြန်မာပြည်ဟာ ဗုဒ္ဓသာသနာ နေလိုလလိုထွန်းကားတဲ့ပြည်ဖြစ်ကြောင်း ကမ္ဘာက အသိအမှတ်ပြုထားရတဲ့တိုင်းပြည်တစ်ပြည်ဖြစ်ရက်သားနဲ့ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုကြီး ပေါ်ရတာဟာလည်း အတိုင်းမသိ ဝမ်းနည်းစရာ ရှက်စရာကောင်းတဲ့ အချက်ကြီးပဲ။

ဗုဒ္ဓဘာသာတရားတော်က လူ့အသက်ကို မဆိုထားနဲ့။ ပိုးပရွက်အစရှိတဲ့ သတ္တဝါအသေးအမွှားကိုပင် သတ်ဖြတ်ခြင်းမပြုရဟု တားမြစ်ထားတယ် မဟုတ်လား။ ကာယကံမြောက်ဖြစ်တဲ့ ကိုယ်ထိလက်ရောက်သတ်ဖြတ်မှုကို မဆိုထားနဲ့ ဝစီကံဖြစ်တဲ့ နှုတ်ဖြင့် ပြောဆိုမှု၊ မနောကံဖြစ်တဲ့စိတ်ဖြင့် ပြစ်မှားမှုကိုပင် မပြုရကောင်းဟု ဗုဒ္ဓဘာသာတရားတော်က အထင်အရှား ဆိုထားတယ်။

အဲဒီလို အင်မတန်နူးညံ့သိမ်မွေ့တဲ့ ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ တိုင်းပြည်ဖြစ်ပါရက်သားနဲ့ ဗုဒ္ဓဘာသာနဲ့ ပဋိပက္ခ ဆန့်ကျင်ဘက်

အမှုကြီးပြုတာဟာ ဗုဒ္ဓဘာသာဝင် သူတော်စင်အားလုံးတို့အတွက် ရှက်စရာ ဝမ်းနည်းစရာကြီး မဟုတ်ပါလားကွယ်။ နောက်ပြီးတော့ ဘာသာကွဲတွေက ထင်ချင်ထင်မယ်။ သူတို့ ဗုဒ္ဓဘာသာက ဒီလိုသတ်ဖြတ်မှုမျိုးကို မတားမြစ်ဘူးလားလို့ ဒီလိုအထင်ခံရရင် ဗုဒ္ဓဘာသာတွေဟာ လဲသေဖို့သာ ကောင်းတော့တာပဲ။

ဒါကြောင့် ဒီလိုဘာသာတရားနဲ့ ဆန့်ကျင်ဘက် သတ်ဖြတ်မှုကြီးကို ပြုတာဟာ မြန်မာတစ်မျိုးလုံးကိုသာမက ဗုဒ္ဓဘာသာဝင်တိုင်းကို စော်ကားတာနဲ့ အတူတူပဲ။

နောက်ပြီးတော့ မြန်မာပြည်ဟာ လွတ်လပ်ရေးရတော့မယ့်ဆဲဆဲသား၊ ကိုယ့်မင်းကိုယ့်ချင်းတည်းဟူသော ပန်းတိုင်ကို ဆွတ်ကာ လွတ်လပ်ရေး တာဝင်တော့မယ့် ဆဲဆဲသားမှာ ဒီလိုဖြစ်ရတာဟာ အတိုင်းမသိ ဆုံးရှုံးနစ်နာခြင်းတစ်မျိုးပဲ။ လှေပြေးတုန်းတက်ကျိုး၊ တာဝင်ခါနီး ခွာလိပ်ဆိုတာလို သိပ်စိတ်မကောင်းစရာကောင်းတဲ့ အချက်ကြီးပဲ။

သို့ပေမယ့် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးအဖွဲ့ကို လုပ်ကြံသတ်ဖြတ်သော်လည်း (လူသတ်ဂိုဏ်းက မျှော်လင့်တဲ့အတိုင်းမဖြစ်ဘဲ) ဥက္ကဋ္ဌ သခင်နုဦးစီးတဲ့ အစိုးရအဖွဲ့ကို အောင်မြင်အေးဆေးစွာ ဖွဲ့စည်းအုပ်ချုပ်နိုင်တဲ့အတွက် တစ်နည်းအားဖြင့်တော့ စိတ်ဖြေဖျော်စရာ နည်းနည်းပါးပါး ရပါသေးရဲ့။ လူသတ်ဂိုဏ်းက စီမံကြံစည်ထားတဲ့အတိုင်းသာ ဖြစ်မယ်ဆိုရင် မြန်မာတစ်မျိုးလုံးဟာ စိစိညက်ညက်ကြေကာ အရိုးအသားရှာမရဘဲ မရှုမလှဖြစ်ကြရတော့မှာ အမှန်ပဲ။ ဒီလိုမဖြစ်တာဟာ တစ်နည်းအားဖြင့် မြန်မာတွေ ကံကောင်းသေးရဲ့လို့ တွေးတောရတာပေါ့။

ဝါခေါင်လဆန်း ၂ ရက် (၁၉ - ၇ - ၄၇) နေ့ဟာ ဗိုလ်ချုပ်နဲ့ရဲဘက်

တော်တွေ ကျဆုံးတဲ့အတွက် မြန်မာတစ်မျိုးသားလုံး ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရသလို နောက်တစ်နေ့ဖြစ်တဲ့ ဝါခေါင်လဆန်း ၃ ရက် (၂၀ - ၇ - ၄၇) နေ့ဟာလည်း ဗိုလ်ချုပ်နဲ့ ရဲဘက်တော်တွေရဲ့ ရုပ်ကလာပ်ကို ဂျူဗလီဟောသို့ ပို့ဆောင်သည့်နေ့ဖြစ်တဲ့အတွက် မြန်မာလူမျိုးများသာမက တရုတ်၊ ကုလားအစရှိတဲ့ မြန်မာပြည်နေလူမျိုးကွဲများပါ ဝမ်းနည်းတသ ယူကြုံးမရဖြစ်ကြတာကို တွေ့ရတယ်။

ဝါခေါင်လဆန်း ၃ ရက်နေ့ မနက် ၈ နာရီ ၉ နာရီလောက်ကစပြီး ရန်ကုန်မြို့ပေါ်ရှိ လူများနဲ့ ရန်ကုန်အနီးအနား မြို့ရွာများက လူများပါ တလှုပ်လှုပ်တရွရွနဲ့ အစုလိုက် အပြုံလိုက် သွားလာနေကြတာတွေ့ရတယ်။ ဗိုလ်ချုပ်အလောင်းက ကန်တော်ကြီးအနီး တာဝါလိန်း ဗိုလ်ချုပ်အိမ်မှာ တည်ရှိတယ်။ ကျန် ရဲဘက်တော်များအလောင်းက ဆေးရုံကြီးမှာရှိတယ်။ ဗိုလ်ချုပ်အလောင်းကို ဆေးရုံကြီးသို့ ဆောင်ယူပြီး ဆေးရုံကြီးက ရဲဘက်တော်တွေ အလောင်းနဲ့အတူ ဂျူဗလီဟောသို့ ပို့ဆောင်မှာဖြစ်တဲ့အတွက် လူထုပရိသတ်ဟာ ဗိုလ်ချုပ်အိမ်ဆီ၊ ဆေးရုံဆီ၊ ဂျူဗလီဟောဆီသို့ ရှေ့ရှုသွားလာနေကြတာဟာ ဘယ်လောက်များသလဲဆိုရင် ရန်ကုန်မြို့က အိမ်တွေမှာ အိမ်စောင့်မှကျန်ပါလေသေးရဲ့လားလို့ အောက်မေ့ရတယ်။

နေ့လယ် ၂ နာရီ အချိန်လောက်မှာ ဗိုလ်ချုပ်ရဲ့ ရုပ်ကလာပ်ကို တာဝါလိန်း ဗိုလ်ချုပ်နေအိမ်က ဗိုလ်ချုပ်အချစ်တော် ပြည်သူ့ရဲဘော်တွေ၊ မြန်မာ့တပ်မတော်သားတွေ၊ ရေတပ်မတော်သားတွေ တစ်လှည့်စီထမ်းပြီး ဝမ်းနည်းဆွေးမြေ့တဲ့ မျက်နှာများနဲ့ ယူဆောင်ခဲ့ကြတယ်။

ရှေ့ဆုံးက ဝတ်ဖြူဆင်ကြယ်ဝတ်တဲ့အဖွဲ့က ကြည်နူးလွမ်းဆွတ်စရာ ကြေးစည်ရိုက်ခတ်ကာ ရှေ့ဆောင်ခဲ့တယ်။ နောက်မှ အလံကိုင်

ရဲဘော်များ၊ ၎င်းနောက်က စိန်ဂျွန်းမြန်မာသူနာပြုတပ် တူရိယာအဖွဲ့က ဝမ်းနည်းဆွေးမြေ့ဖွယ် ညင်ညင်သာသာ တီးမှုတ်လိုက်ပါခဲ့ကြတယ်။ ၎င်းနောက်ကမှ ပန်းခွေပေါင်း ၃၀၀ ကျော်ကို ရဲဘော်ရဲမေများက ကိုင်ဆောင်ကာ လိုက်ပါကြတယ်။ ၎င်းနောက်ကမှ မြန်မာပြည် ၁၂ မှတ်တပ်မတော် စစ်ဗိုလ်ကြီးနှင့် မြန်မာပြည်ဘုရင်ခံ၏ကိုယ်စား သက်တော်စောင့်တို့အပြင် သခင်နုအစရှိတဲ့ ဖဆပလအမှုဆောင်အဖွဲ့ လူကြီးများ လိုက်ပါကြတယ်။

*